မြေနုကျေးရွာ

မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြေနုကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တဘာ်လ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

မြေနုကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ
**နောက်ဆက်တွဲ (၂) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ဖြေ**
**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |

TB တီဘီရောဂါ

VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့<br>
မြေနုကျေးရွာ<br>
မိုးညှင်းမြို့နယ်

မြေနု    ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှု့များအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်ုပ်တို့ကျေးရွာသည် ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့တော်နှင့် မန္တလေးမြို့ကြီးသို့ ဆက်သွယ်ရေးလမ်းကြောင်း မီးရထားလမ်း၊ကားလမ်းမကြီးများနှင့် (၂)မိုင်ခန့်အကွာအဝေး၌ တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ဟိုပင်မြို့နှင့် (၅)မိုင်ခန့်ကွာဝေးပြီး ဆက်သွယ်သွားလာရခြင်းများ အသင့်အတင့်ဖြစ်ပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ လယ်ယာလုပ်ငန်းသာ ဖြစ်ပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ(၈၅)မှ (၁၀၀)ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူ ပြုပါ သည်။ ကျေးရွာ၏ နံဘေးတွင် ရေချောင်းရှိပြီး တောင်တန်းများနှင့် သစ်တော သစ်ပင်များနှင့်(၃)မိုင် အကွာမှာ တည်ရှိနေသော ရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာ၏ လယ်သမားများသည် စပါး၊ပဲ၊ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာ ဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတထွက်ရှိပါသည်။ တောင်သူအချို့မှာ လယ်မီးရေလွှဲဆည်မှ ရေသောက်ဧက စုစုပေါင်း(၁၄၃၂)ဧကရှိသော်လည်း ရေလုံလောက်စွာရရှိမှုမရှိဘဲ မိုးရေကိုသာ အဓိကအားထားနေရပါသည်။ မြေနုကျေးရွာအတွင်း ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက (၁၃၅၀)ဧက ရှိပြီး စပါးတစ်သီးစားသာ အဓိကစိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၃၃၈)စုနှင့်ကျား(၉၆၆)၊မ(၁၀၀၃)ဦးဖြင့် လူဦးရေပေါင်း(၁၉၆၉)ဦး ရှိကာ တစ်အိမ်ထောင်စုလျှင်ပျမ်းမျှဦးရေ(၅)ဦးနှုန်းနေထိုင်ကြသည်။ ကျေးရွာတွင် ဗမာလူမျိုးများ

နေထိုင်ကြသည်။ လူ၏အရွယ်သည် အလုပ်လုပ်နိုင်သောအရွယ်အစားများပြီး လူသားအရင်းအမြစ် ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်ကြောင်း စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်(၅%)မျှ ပိုများပါသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းပါသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၁၇.၄၅%သည် အလွန်ဆင်းရဲသောအိမ်ထောင်စု (၁၆.၈၆%)သည် ဆင်းရဲသော အိမ်ထောင်စုဖြစ်ပြီး အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ(၃၀.၁၈%)ရှိပြီး ပြေလည်သောအိမ် ထောင်စုမှာ (၃၅.၅%)ရှိကြောင်း တွေ့ရသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှုတို့ကြောင့် ကျေးရွာ စီးပွားရေးအနေအထားမှာ အသင့်အတင့်သာရှိပါသည်။ အခြားလယ်သမားအိမ်ထောင်စုအချို့မှာ လက်သမား+ပန်းရံ၊ဆန်ကြိတ်၊သစ်ခွဲစက်စသော အသေးစားအိမ်တွင်းလုပ်ငန်းများလည်း လုပ်ကိုင် ကြပါသည်။ ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့အိမ် ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက်မှာ (၄၂.၆%)ရှိကာ ဆင်းရဲ အလွန်ဆင်းရဲအဆင့် အိမ်ထောင်စုများဖြစ်ပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေအတွက်များရှိသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဆန်ကြိတ်၊သစ်ခွဲစက်၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်လျှက်ရှိပါသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏(၃၄.၃၂%) ဖြစ်သော အိမ်ထောင်စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏(၂၈.၄၅)%မှာ သူတစ်ပါးထံမှ ချေးငှား ပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း(၇၁.၅၅%)မှာ သူတစ်ပါးထံမှ မချေးမငှားဘဲ (၃)လခန့်စားသုံးနိုင် ကြောင်း(၉.၇၆)%မှာ ၆လမှ ၁၂လခန့် သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ပြီး ကျန်(၃၅.၅%)သာ မည်သူ့ထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။ အိမ်ထောင်စုအားလုံး၏(၂၇.၈%)သည် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများဖြစ်ပြီး ထို အိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုများပြားကြသည်။ အလားတူ အိမ်ထောင်ဦးစီးမှ ရွာပြင်ပ တွင် သွားရောက်အလုပ်လုပ်နေသော အိမ်ထောင်စု(၀.၅၉%)နှင့် မုဆိုးဖို၊တစ်ခုလပ်ဦးဆောင်သည့် အိမ်ထောင်စု(၀.၂၉%)စုသည် ဆင်းရဲသော ထိခိုက်လွယ်သည့် အိမ်ထောင်စုများဖြစ်ကြသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၅)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့တို့ရှိပြီး ယင်းအဖွဲ့များအနက် လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့များ လှုပ်ရှားဆောင်ရွက်မှုအားနည်းသည့် ကျွန်ုပ်တို့ကျေးရွာသည် လူမှုကူညီရေးအသင်းအဖွဲ့အစည်းများ မရှိသည့်အပြင် နာရေးကိစ္စအပါအဝင် လူမှုရေးဆောင်ရွက်ချက်များအရှိသည့်အတွက် အားနည်းခြင်းကို လေ့လာတွေ့ရှိရပါသည်။ မြန်မာ့အသေးစား သမဘဏ်မှ ငွေစုငွေချေးလုပ်ငန်းများကို လည်ပတ်ဆောင်ရွက်ခြင်းများအနေဖြင့် တွေ့ရှိရပါသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင် ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျွန်ုပ်တို့ကျေးရွာတွင် စပါးကိုသာအဓိကစိုက်ပျိုးကြပါသည်။ မိုးစပါးစိုက်ဧက(၁၄၃၂)ရှိ ပြီး ရိပ်သိမ်းချိန် ဒီဇင်ဘာလမှစပြီး ပဲမျိုးစုံကို ဧပြီလအထိ စိုက်ပျိုးကြပါသည်။ စပါးဧကများပြား သော်လည်း ရေရရှိမှုနှင့် မြေဩဇာ မြေဆီညွှံဖျင်းမှုကြောင့် ဧက(၅၀)ခန့်မျှသာ ပဲပျိုးစုံများအား စိုက်ပျိုးလျှက်ရှိကြပါသည်။ တောင်သူဦးကြီးများသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိ နိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရခြင်းနှင့် ရင်ဆိုင်ရတတ်သည်။ တချို့တောင်သူများမှာ ငှားရမ်း နိုင်ရန်နှင့် ကုန်ကျစရိတ်မြင်တက်မှုကို ကျော်လွှန်နိုင်ရန် စပါးကြိုရောင်းစနစ်ကို အားထားကြရ သည်။ ၎င်းနောက် သားငါးထုတ်လုပ်မှုအနေဖြင့် စီးပွားဖြစ်ထွန်းလောက်အောင် မွေးမြူနိုင်ခြင်း မရှိကာ တနိုင်တပိုင်မျှသာ မွေးမြူသုံးစွဲလျှက်ရှိပါသည်။ မွေးမြူရန် အရင်းအနှီးအဆင်မပြေမှု ကြောင့်၎င်းကုန်ကျစရိတ်မြင့်မားမှုကြောင့် ၎င်းတို့ကြောင့်မွေးမြူရေးလုပ်ငန်း စတင်ခြင်း၊ဆောင် ရွက်ခြင်းမရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျွန်ုပ်တို့ကျေးရွာတွင အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားနေ့စားများအနေဖြင့် ရာသီအလိုက် အနည်းအပါးသာ လုပ်ကိုင်ရပြီး အလုပ်အကိုင်နည်းပါးခြင်းကြောင့် ဝင်ငွေမှန်မှန် မရရှိသဖြင့် တွက်ချေကိုက်မှုနည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ များပြားပြီး ဤအခြေအနေများကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ မြို့ပေါ်တွင် သက်မွေး

ဝမ်းကျောင်းသင်တန်း ဝန်ဆောင်မှု ပေးနိုင်သောလုပ်ငန်းများရှိပါသည်။ ကားမောင်း၊ဝပ်ရှော့၊မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ဆံပင်အလှပြင်၊ အပ်ချုပ်၊ဇာထိုးပန်းထိုးစသည့် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်သော်လည်း ရွာသားများသည်အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြပါသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ်အကုန်အကျ ခံရန်နှင့် လုပ်ငန်းထူထောင်ရန်မတတ်နိုင်သည့်အတွက် လုပ်ငန်းခွင်တို့မရောက်ရှိနိုင်ပါ။ ငွေကြေးအဆင်ပြေသောအိမ်ထောင်စုများသာ အရာရာသင်တန်းများကို အခကြေးငွေအကုန်အကျခံကာ သင်ကြားကြပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါးကိုသာ အဓိကစိုက်ပျိုးရပြီး စိုက်ပျိုးချိန်၌ သဘာဝအန္တရာယ်များအနေဖြင့် ဖျက်ပိုးများကျရောက်မှုကြောင့် ပိုးသတ်ဆေးနှင့်ဓါတုဆေးဝါးများကို အလွန်အကျွံသုံးစွဲရခြင်းကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းများအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်ဧက (၁၀၀၀၀၀)နှုန်းဖြင့် အများဆုံး(၁၀)ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် ချေးငွေကို စိုက်ပျိုးစရိတ်၊ရိက္ခာ၊ကျန်းမာရေး၊ပညာရေးတို့အတွက် ချေးယူကြရာ ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများသည် အကြွေးတင်ရှိကြပြီး အကြွေးငွေမှာ(၅၀၀၀၀၀)ကျပ်ထိ ချေးယူထားကြောင်း တွေ့ရှိရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းဆောင်ကို ၁၉၆၉ခုနှစ်တွင် ဆောက်လုပ်ပြီး ၁၀၈ပေ၊၃၀ပေ၊ ၁၈ပေ၊ အရွယ်ရှိပြီး သွပ်မိုး၊ပျဉ်ခင်း၊ပျဉ်ကာဖြစ်ပြီး မ.လ.က(ခွဲ)ကျောင်းဆောင်မှာ ၃၂၀ပေ၊၂၀ပေ၊၁၃ပေ၊နှင့် ၁၂၀ပေ၊ ၃၀ပေ၊၁၃ပေ တို့ကို သွပ်၊အုတ်၊ပျဉ်၊အင်္ဂတေတို့ဖြင့် ဆောက်လုပ်ခဲ့ကြပါသည်။ မူကြိုကျောင်းအနေ ဖြင့် သွပ်၊အုတ်၊အင်္ဂတေ တစ်ထပ်ဆောင်မျိုးနှင့် တည်ဆောက်ထားပါသည်။ ကျောင်းတွင် ပရိဘောဂ လုံလောက်ခြင်းနှင့် ဆရာ၊ဆရာမများလည်း ပြည့်စုံကြောင်း သိရှိရပါသည်။လွန်ခဲ့သော ကျောင်းဖွင့်ချိန်မှာ မူလတန်းနှင့်အလယ်တန်း ပြဋ္ဌာန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့ပါသည်။ ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိသည့်အတွက် ခက်ခဲမှု ကြုံတွေ့ရ

တတ်သည့်အပြင် ရွာသားများအရေးပေါ်ဖြစ်ခဲ့လျှင် ကျန်းမာရေးကြီးကြပ်မှုမှာ လစ်လပ်မှု ဖြစ်စေသော အနေအထားရှိ နေပါသည်။ ရွာသားများသည် အရေးပေါ်ဖြစ်ခဲ့သူတိုင်း ဟိုပင်သို့(၆)မိုင်၊ မိုးညှင်းသို့ (၁၅)မိုင်ခန့် ဝေးသော တိုက်နယ်ဆေးရုံများသို့သာ အားထားရကြောင်း တွေ့ရှိရပါသည်။ သောက်ရေအတွက် လက်နှိပ်တုံကင်နှင့် မော်တာသုံးရေတုံကင်များ တပ်ဆင်သုံးစွဲကာ လုံလောက်မှုရှိသော်လည်း စံချိန် မီ ရေသန့်စက်များတပ်ဆင်နိုင်လျှင်ပိုမိုကောင်းမွန်နိုင်ပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဖြစ်ပွားတတ်သည့် ရောဂါဖြစ်ပွားမှုများ နည်းပါးခြင်းကို တွေ့ရှိရပါသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာစနစ် တကျဆောက်လုပ်ထားသော ကြောင့် ကျောင်းသား/သူများ သန့်ရှင်းမှုရှိသောကြောင့် ရောဂါဖြစ်ပွားမှု နည်းပါးခြင်းကို တွေ့ရှိ ရပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အခြေပြုစေသော အပန်းဖြေအနားယူနိုင်မည့် နေရာအမျိုးအစားများ မရှိပေ။ လူငယ်များသည် ကျေးရွာ၏ ထုံးတမ်းစဉ်လာအရ ဘာသာရေးပွဲများတွင် ရိုးရာ အတီး၊အဆို၊အကများဖြင့် တင်ဆက်ပါဝင်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်းမရှိပါ။ ယဉ်ကျေးမှုနှင့်ပတ်သက်၍ ကလေးများကို နွေရာသီ အားလပ်ချိန်များမှာ ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်ပေးသည်ကို လေ့လာတွေ့ရှိရပါသည်။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

အခြေခံအဆောက်အဦး၊လမ်း၊လျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေးပြုလုပ်ရသော ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကျေးရွာတွင်းမှ ကားလမ်းမကြီးသို့ ချဉ်းကပ်လမ်း (၂)လမ်းရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မော်တော်ဆိုင်ကယ်၊ထော်လာဂျီ၊စက်ဘီးများကို အားထား၍အသုံးပြုကြပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးကို ကိုယ်ထူကိုယ်ထ စနစ်ဖြင့် ထူထောင်ထားခြင်းဖြစ်ပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ စာအုပ်၊စာပေများကို ဦးစားပေးခြင်းမရှိဘဲ ဖုန်းနှင့်အင်တာနက်ချိတ်ဆက်မှုများကြောင့် စာကြည့်တိုက်မှာ ဖွင့်ဖို့အခွင့်အလမ်းမရှိဘဲ ပိတ်ထားဆဲဖြစ်နေသည်ကို တွေ့နေရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုမှာ မူးယစ်ဆေးဝါးနှင့် ပတ်သက်ဆက်နွယ်သော အရာအား လုံးကို ပြည်သူရဲအဖွဲ့အစည်းများမှ တိကျမှန်ကန်စွာ အရေးယူမှုပြုလုပ်ခြင်းကြောင့် တည်ငြိမ်အေး ချမ်းနေသည်ကို တွေ့ရှိရပါသည်။ ၎င်းနောက်အစိုးရတပ်မတော်မှလည်း လက်လွတ်စပါယ် မပစ်ထား ဘဲ တစိုက်မတ်မတ် ကာကွယ်စောင့်ရှောက်မှုများပြုလုပ်ခြင်းကြောင့် တည်ငြိမ်အေးချမ်းနေသည် ကို လေ့လာတွေ့ရှိရပါသည်။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားမှု နည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်နိုင်ခြင်း၊ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန်အထောက်အပံ့ ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်းမြှင့်မားလာရေးအတွက် အထောက်အကူပြုနေသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၇၇%မှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့် ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်သော်လည်း အရေးပေါ်ကျန်းမာရေးကိစ္စများ၌ ကျန်းမာရေးဝန်ထမ်းအလုံလောက် သဖြင့် အခက်အခဲအချို့ရှိပါသည်။ စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေး အတွက် ကောင်းသော အဆင့်ရှိသော်လည်း ကျောင်းဆောင်သစ်လိုအပ်ချက်များရှိနေပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်ယာမြေများသည် မြေပြန့်နှင့်တောင်ပေါ်မြေ နှစ်မျိုးရှိသည်။ မြေဆီသြဇာလည်း မတူညီကြပေ။ မြေပြန့်ကကောင်းပြီး တောင်ပေါ်မြေမှာ မြေသြဇာ မကောင်းပါ။လယ်ယာထွက်ကုန်များကို နေရာတိုင်းအလွယ်တကူမသယ်ယူနိုင်ပေ။ နန့်ရင်းချောင်းအရှေ့ဘက်ရှိ လယ်ယာမြေများမှာ သယ်ယူရန်အလွန်ခက်ခဲပါသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ကြက်နှင့်ဝက်တို့ကို တိုးချဲ့မွေးမြူရန် အခွင့် အလမ်းသာသည်။ သို့သော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လိုအပ်သောနည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကို တိုးမြှင့်အောင်ဆောင်ရွက်ရန်လိုအပ်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေပါသည်။ဈေးကွက်နှင့်အခြားဝန်ဆောင်မှုလုပ်ငန်းအတွက် မိုဘိုင်းဖုန်းကို အသုံးပြုကြသည်။ အင်တာနက်အသုံးပြုမှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်များ ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေမြေဆီလွှာ အသင့်အတင့်ကောင်းမွန်ပြီး သယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေတိုးချဲ့ရန်မရှိသဖြင့် အထွက်တိုးရန် တောင်သူများ အားစိုက်ရပါသည်။

ကျေးရွာတွင်းရှိတောင်သူများမှာ လယ်မျိုးဆည်၊ ရွာသစ်ကြီး(တကွင်း)ဆည်၊ နန့်ရင်းချောင်း အရှေ့ဘက်ကွင်းများ၌ လုပ်ကိုင်ကြပါသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေး ပညာများမျှဝေပေးပါသည်။ ချေးငွေများကို မြန်မာ့စိုက်ပျိုးရေးဘဏ်နှင့် စိုက်ပျိုးရေး သမဘဏ်များ မှ ချေးယူကြပါသည်။

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေး အတွက် အကန့်အသတ်ရှိပါသည်။ အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းတတ်သိ ပညာ အထိအတွေ့တို့ အားနည်းပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေး ပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက် ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်ကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် ချေးငွေများကို မြန်မာ့စိုက်ပျိုးရေးဘဏ်နှင့် စိုက်ပျိုးရေးသမဘဏ်များနှင့် ချိတ်ဆက်ပေးမည်။ စိုက်ပျိုးရေး၊မွေးမြူရေး တိုးတက်ရန် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ဇာထိုး၊ပန်းထိုးနှင့်ယိုမုန့်လုပ်နည်း၊ ဆံပင်ညှပ်၊စက်ပြင်၊မော်တော် ဆိုင်ကယ်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများသို့တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးပြီး ဝင်ငွေတိုးတက်အောင် အရင်းအနှီးလုပ်ငန်း အစီစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်းကို ခြံစည်းရိုးကာရံကာ ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲရရှိရန် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ၊မ ခန့်ထားရရှိ နိုင်ရန် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာအဆောက်အဦးများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မည်။ ကျေးရွာအဆောက်အဦးများ အသုံးပြု၊ စီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စနစ်တကျစီမံသွားပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး**

စပါးအပြင် ပဲငပိ၊မြေပဲ၊မတ်ပဲများကို စိုက်ပျိုးသည်။ သီးနှံဖျက်ပိုးသည် အဓိကပြဿနာ ဖြစ်ပြီး ဖျက်ပိုးနှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရန်လိုအပ်သည်။ နည်းပညာအပါအဝင် ပိုးမွှားနှိမ်နှင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများ အတွက်လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ ကျေးရွာတွင် သမဝါယမ အသင်း ဖွဲ့စည်းထားပြီး ချေးငွေစီမံထားပါသည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှု လုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့်အလားအလာရှိပြီး လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်စီမံအုပ်ချုပ်မှု၊ ဈေးကွက်၊သတင်းအချက် အလက်များ လက်လှမ်းမမှီဖြစ်နေသည်။ ကျွန်တော်တို့ကျေးရွာအသေးစားလုပ်ငန်းအတွက် အကျိုး ဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ အဆင့်သင့်မတွေ့ရသေးပါ။

**(င) ကျေးလက်ဈေးဆောက်လုပ်ရေး**

ကျေးရွာတွင် ဈေးမဆောက်ရသေးသဖြင့် လမ်းမကြီးပေါ်တွင် ဈေးရောင်းနေရသည်။ မြို့နယ် အာဏာပိုင်အဖွဲ့အစည်းများက၊ရေသန့်ရှင်းရေးစနစ်နှင့် လမ်းတို့စနစ်တကျ ပါဝင်သည့် ဈေးအဆောက်အဦးတစ်ခု တည်ဆောက်ပေးရန် ပါဝင်သင့်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်စေနိုင်မည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ငါးနှစ်တာစီမံချက်ကာလအတွင်း ပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည် ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ငါးနှစ်တာစီမံချက်ကာလအတွက် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိပါ။ နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ ရေးဆွဲထားသော စီမံချက် သည် ပြင်းထန်သည့် သဘာဝဘေးအန္တရာယ်နှင့် မကြုံရပါက အနည်းနှင့် အများ ဆိုသလို ပြောင်းလဲမှု မရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)–* ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျေးရွာအဆောက်အအုံ* | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်းမွန် အောင်ဆောင်ရွက်ခြင်း | ၉၂ | ၁ | – ရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း။( ပေ ၂၂၀၀)<br>- ရွာချင်းဆက်လမ်းခင်းခြင်း<br>- ရေပြွန် (၂)ခုဆောက် လုပ် ခြင်း။ | ကျေးလက်ဦးစီး |
| *ပညာရေး* | | | | | |
| စာသင်ကျောင်း | ၂။ ကလေးပျော်၍ ဘက်စုံတော်စေ သည့် ကျောင်း အဖြစ်ဖန်တီး တည် ဆောက်ခြင်း၊ | ၇၂ | ၂ | –အရိပ်ရကစားကွင်းနေရာနှင့် ဆီးဆောဒန်း၊ ဘားဒန်းစသည် ဖြင့် စီမံထားရှိခြင်း၊<br>–ပုံစံဝင်သောကျောင်းဆောင် ဆောက်လုပ်ခြင်း၊ | |
| *စိုက်ပျိုးရေး* | | | | | |
| | ၃။ စိုက်ပျိုးရေးလုပ်ငန်းများမှဝင်ငွေတိုးတက်ရရှိရေး | ၇၂ | ၃ | - စိုက်ပျိုးရေးချေးငွေများလုံ လောက်စွာရရှိနိုင်ရေး၊<br>- လယ်ယာသုံးစက်ကိရိယာ များဈေးနှုန်းသက် သာစွာဖြင့်ငှားရမ်းအသုံးပြုနိုင်ရေး၊ | – |

| | | | | |
|---|---|---|---|---|
| **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း** | | | | |
| ချေးငွေ | ၄။ ဘဏ်များ၊ ငွေကြေး ဝန်ဆောင်မှု အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်ရန် စီစဉ်ခြင်း၊ | ၆၈ | ၄ | – ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြင်ပ ငွေကြေး အဖွဲ့ အစည်း များနှင့်အကျိုးတူ စီးပွား ရေး လုပ် ငန်းများ လုပ်ကိုင် နိုင်ရန် ဆောင်ရွက်ခြင်း၊<br>- ပြင်ပအဖွဲ့အစည်းများမှအတိုးနှုန်းသက်သာသော အ ရင်းအနှီးဆိုင်ရာချေးငွေများရရှိရန်ဆောင်ရွက်ခြင်း၊ |
| *လူငယ်ဖွံ့ဖြိုးရေး* | | | | |
| | ၅။ သက်မွေးဝမ်းကျောင်း နည်းပညာများ ပြန့်ပွါးလာရေး | ၅၄ | ၅ | - သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ ပို့ချပေးခြင်း၊<br>- အလုပ်အကိုင် အခွင့်အလမ်း ဖန်တီး ပေးခြင်း၊ |
| **စီမံအုပ်ချုပ်မှု စနစ်** | | | | – |
| | ၆။ ကျေးရွာအဖွဲ့အစည်းများ စွမ်းရည် မြှင့်အစီအစဉ် များ လုပ်ဆောင်ခြင်း | ၅၀ | ၆ | - ခေါင်းဆောင်မှုစွမ်းရည် မြှင့်တင်ခြင်းသင်တန်း၊<br>- ငွေစာရင်းသင်တန်း၊<br>- အဖွဲ့အစည်းဆိုင်ရာသ ဘောတရားရေးရာသင်တန်း၊ |
| *မွေးမြူရေး* | | | | |
| | ၇။ မွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး | ၄ | ၇ | – မွေးမြူရေးချေးငွေများပိုမိုရရှိရန်ဆောင်ရွက်ခြင်း။<br>– ခေတ်မီမွေးမြူရေးစနစ် များ လက်တွေ့ဆောင်ရွက်ခြင်း၊<br>- မွေးမြူရေးနည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာတွင်းလမ်း | ၁ | — | | | | |
| ၂။ ကျေးရွာချင်းဆက်လမ်း | ၂ | — | | | | |
| ၃။ ကျေးရွာတွင်းတံတား | ၃ | — | | | | |
| ၄။ ကျေးလက်ဆေးပေးခန်း | ၄ | | — | | | |
| ၅။ ကျေးရွာစာကြည့်တိုက်(ဝန်ထမ်း)ရရှိရေး | ၅ | | — | | | |
| ၆။ မူးယစ်ဆေးဝါးအန္တရာယ် | ၆ | — | — | — | — | — |
| ၇။ ကျောင်းဝန်းအုတ်တံတိုင်းကာရန် | ၇ | | | — | | |
| ၈။ ကျောင်းပရိဘောဂ | ၈ | | — | | | |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား

မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်းအ သုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁ | ကျေးရွာတွင်းလမ်း | | | √ | | |
| ၂ | ကျေးရွာချင်းဆက်လမ်း | | | √ | | |
| ၃ | ကျေးရွာတွင်းတံတား | | | √ | | |
| ၄ | ကျေးလက်ဆေးပေးခန်း | | | √ | | |
| ၅ | ကျေးရွာစာကြည့်တိုက်(ဝန်ထမ်း) ရရှိရေး | | √ | | | |
| ၆ | မူးယစ်ဆေးဝါးအန္တရာယ် | | | | √ | |
| ၇ | ကျောင်းဝန်းအုတ်တံတိုင်းကာရန် | | | √ | | |
| ၈ | ကျောင်းပရိဘောဂ | | | √ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်

တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့် တင်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက် မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့ သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့်

သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ

စသည်တို့ ပါဝင်ပါမည်။ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုတို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၂၀ | ၁၄ | ၃၄ | ၂% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၆၄ | ၆၅ | ၁၂၉ | ၇% |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၈၈ | ၇၀ | ၁၅၈ | ၈% |
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၁၃၈ | ၁၂၁ | ၂၅၉ | ၁၃% |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၂၉ | ၆၇၅ | ၁၃၀၄ | ၆၆% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၇ | ၅၈ | ၈၅ | ၄% |
| **စုစုပေါင်း လူဦးရေ-၁၉၆၉** | | **၉၆၆** | **၁၀၃ ၃** | **၁၉၆၉** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု - ၃၃၈** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၅** | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ခြေ (၃၃၈)အိမ်ရှိပြီး လူဦးရေစုစုပေါင်း(၉၆၆)ဦး၊မ(၁၀၃၃)ဦး စုစုပေါင်း(၁၉၆၉)ဦးရှိပါသည်။ နို့စို့အရွယ်ကလေး(၂%)၊ ၅နှစ်အောက်ကလေးငယ်(၇%)၊ မူလတန်းကျောင်းသားအရွယ် (၈%)၊အလယ်တန်းကျောင်းသားအရွယ် (၁၃%)၊ အလုပ်လုပ်နိုင်သည့်အရွယ် သက်ကြီးရွယ်ကြီး(၆၆%)၊သက်ကြီးရွယ်အို(၄%)တို့ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေများ အများအပြားရှိကြောင်း တွေ့ရပါသည်။ တစ်အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေ(၅)ဦးနှုန်းနေထိုင်ကြပါသည်။

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၈၈ | | ၆ | - | လယ်ယာလုပ်ငန်းလုပ်ကိုင်သူ(၁၉၈)ဦးရှိပါသည်။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၀ | | - | - | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၁ | | ၁၁ | - | အိမ်ဆိုင်၊ကုန်သည်၊ပွဲစားလုပ်ကိုင်ခြင်း |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | ၁ | - | နိုင်ငံခြားသင်္ဘောသား လုပ်ကိုင်ခြင်း |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၅ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | | | ၃ | ဘေးကင်းလုံခြုံရေး–ရဲသား ၂ဦး<br>စစ်၊တပ်မတော်သား-၁ဦး |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၆၀ | - | - | ၆၀ | ကျောင်းဆရာ/မလုပ်ကိုင်ခြင်း |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | | ၁ | သူနာပြု ဆရာမ လုပ်ကိုင်ခြင်း |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၄၀ | | | - | ကျပန်းလုပ်ကိုင်သူ (၁၄၀)ဦးရှိပါသည်။ |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| | **စုစုပေါင်း** | **၃၃၈** | - | **၁၇** | **၆၄** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု(၃၃၈)အိမ်ရှိပြီး လယ်ယာလုပ်ငန်းလုပ်ကိုင်သူ(၁၉၈)အိမ်ရှိပါသည်။ အိမ်ဆိုင်၊အရောင်းအဝယ် ပွဲစားလုပ်ကိုင်သူ(၁၁)အိမ်ထောင်စုရှိပါသည်။ ကျေးရွာတွင် ကာကွယ်ရေးအတွက် တပ်မတော်သား(၁)ဦးရှိပြီး ဘေးကင်းလုံခြုံရေးအတွက် ရဲသားလုပ်ကိုင်သူ (၂)ဦးရှိပါသည်။ ကျေးရွာတွင် အမျိုးအမည်မဖော်ပြနိုင်သော လုပ်ငန်းများဖြစ်သည့်

ကျပန်းနှင့် ရာသီအလိုက်အလုပ်သမား(၁၄၀)ဦးရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ကောက်စိုက်ပျိုးနုတ်ရငွေ၊နေ့စားငွေ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | မွေးမြူရေးလုပ်ငန်း မရှိပါ။ |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၅၀၀၀ | - | ၅၀၀၀ | - | သဲကျောက်သယ်ယူခြင်း၊သဲကျောက်ကားများတွင် နေ့စားရငွေ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၀၀၀ | ပန်းရံ၊လက်သမား နေ့စားရငွေ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၅၀၀၀ | - | ၅၀၀၀ | - | မီးစက်များလိုက်ပြုပြင်ခြင်း၊နေ့စားရငွေ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၅၀၀ | ဆိုင်ကယ်ဖြင့် လိုက်ဈေးရောင်းခြင်း |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | ၅၀၀၀ | - | ၄၀၀၀ | အပ်ချုပ်ဆိုင်များတွင်စက်ချုပ်ခ နေ့စားရငွေ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | မရှိပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာလုပ်ကိုင်သော ကျားအများဆုံးလုပ်အားခ(၈၀၀၀)ကျပ်နှင့် မ(၅၀၀၀)ကျပ်ဖြစ်ပြီး ကျားအနည်းဆုံးလုပ်အားခ(၅၀၀၀)ကျပ်နှင့် မ(၃၀၀၀)ကျပ်ရရှိပါသည်။သဲကျောက်တိုက်ခြင်းလုပ်ငန်းတွင် ကျားအများဆုံးလုပ်အားခ(၅၀၀၀)ကျပ်နှင့် ကျားအနည်းဆုံးလုပ်အားခ(၅၀၀၀)ကျပ်ရရှိပါသည်။ ပန်းရံလက်သမားလုပ်ငန်းတွင် ကျားနေ့စားခ(၈၀၀၀)ကျပ်နှင့် မ(၄၀၀၀)ကျပ်၊ကျားအနည်းဆုံး(၅၀၀၀)ကျပ်နှင့် မ(၃၀၀၀)ကျပ်ရရှိပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၄၃၂ | သင့် | မရ | မရှိ |
| ယာမြေ /တောင်ယာ | ၁၂ | သင့် | မရ | မရှိ |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | - | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | - | | | |
| ရွှေ့ပြောင်းတောင်ယာ မြေ | - | | | |
| ကိုင်း/ကျွန်းမြေ | - | | | |
| စားကျက်မြေ | - | | | |
| ပလပ်မြေ | - | | | |
| အခြား | - | | | |
| **စုစုပေါင်း** | **၁၄၄၄** | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**မှတ်ချက်။** ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်မြေဧက (၁၄၃၂)ဧကရှိပြီး မြေဆီလွှာအသင့်အတင့်ရှိပါသည်။ ၎င်းလယ်မြေများအတွက် မိုးရေကိုသာ အဓိကအသုံးပြု၍ စိုက်ပျိုးရပါသည်။ မြေနုကျေးရွာအထက်တွင် ဆည်ရှိသော်လည်း ဆည်ရေလုံလောက်မှုမရှိသည့်အတွက် သုံးစွဲခွင့်မရပါ။ တောင်ယာများတွင် သက်ကယ်၊ အိမ်သုံးပစ္စည်းကိုသာ အဓိကစိုက်ပျိုးပါသည်။ မြေနုကျေးရွာတွင် တောင်သူလယ်သမားဦးကြီးများ ဖြစ်သည့်အတွက် လယ်ယာစပါးများကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။

## (၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | |
| အခြား ရင်းမြစ်များ | သင့် | လွယ် |
| **အခြားသဘာဝရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အခြားအရင်းအမြစ်များဖြစ်သော သဲကျောက်များရရှိမှုမှာ လွယ်ကူပါသည်။ အခြားသဘာဝတိရစ္ဆာန်မျိုးစိတ်များဖြစ်သော ကြက်၊ဝက်၊ဘဲ၊နွား၊မြင်း၊ကျွဲ၊ဆင်၊ငါးမျိုးစိတ်များ ရရှိမှုမှာလည်း အနည်းငယ်သာဖြစ်ပြီး လက်လှမ်းမှီမှုမှာလည်း ခက်ခဲပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာတွင်းရှိ တိရစ္ဆာန်မျိုးစိတ်များကိုသာ မွေးမြူကြပါသည်။ သဘာဝအပင်မျိုးစိတ်များရရှိမှုမှာလည်း နည်းပါးပါသည်။ သစ်အလွန်အကျွံခုတ်ခြင်း၊သစ်တောမီးရှို့ခြင်းများကြောင့် သဘာဝအပင်မျိုးစိတ်များ လက်လှမ်းမှီမှုမှာ အလွန်နည်းနေကြောင်း တွေ့ရှိရပါသည်။

## (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ကေနှင့် အထက် | ၅ ကေနှင့်၁၀ကေ ကြား | ၅ကအောက် | - |
| အိမ်အခြေအနေ | နံကပ်၊ပျဉ်၊သွပ် | ပျဉ်ထောင်ခင်း၊သွပ် မိုး | ထရံကာ၊သက် ကယ်မိုး | ဝါးကြမ်ခင်း၊ထရံ ကာ၊သက်ကယ်မိုး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထော်လာဂျီ၊ထွန် စက်၊လှည်း၊နွား၊ ကျွဲ | ထွန်စက်၊လှည်း၊ ကျွဲ၊နွား | လှည်း၊နွား၊ကျွဲ | - |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော | ဆိုင်ကယ်၊သုံး ဘီး၊ | ဆိုင်ကယ်၊တီဗွီ၊ဖုန်း | ဆိုင်ကယ်၊ခေါက် တီဗွီ | - |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| ပိုင်ဆိုင်မှု | တီဗွီ၊ဖုန်း၊ရေခဲ သေတ္တာ | | | |
| အဓိကစီးပွားရေး လုပ်ငန်း | ဆန်စက်၊လယ်၊ အိမ်ဆိုင် | လယ်၊အိမ်ဆိုင် | လယ် | လယ်အငှားလုပ် |
| **အိမ်ထောင်စု - ၃၃၈** | **၁၂၀ ( ၃၆%)** | **၁၀၂(၃၀%)** | **၅၇(၁၇ %)** | **၅၉ (၁၇ %)** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၁၂၀)စုရှိပြီး၊ မြေယာပိုင်ဆိုင်မှုအရ(၁၀) ကေအထက်ရှိခြင်း၊ အလယ်အလတ်အိမ်ထောင်စု(၁၀၂)အိမ်သည်၊ လယ်၅ကေနှင့် ၁၀ကေ ပိုင်ဆိုင်ခြင်း ဆင်းရဲသော အိမ်ထောင်စု(၅၇)အိမ်သည် လယ်၅ကေပိုင်ဆိုင်ခြင်း၊အလွန်ဆင်းရဲသောအိမ်ထောင်စု (၅၉)အိမ်သည် လယ်ယာပိုင်ဆိုင်မှုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ အဆင့်(၁)အိမ်ထောင်စုသည် ဆန်စက်၊လယ်၊အိမ်ဆိုင်၊ အဆင့်(၂)အိမ်ထောင်စုသည် လယ်၊အိမ်ဆိုင်၊ အဆင့်(၃)အိမ်ထောင်စုသည် လယ်ယာနှင့် အဆင့်(၄)အိမ်ထောင်စု သည် လယ်အငှားလုပ်ကိုင်ခြင်းနှင့် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါကြောင်းလေ့လာတွေ့ရှိရ ပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | | | |
| ၃ လနှင့် ၅ လ အထိ | ၁၁ | ၃% | စားသုံးရန်အတွက်၊ကျန်းမာရေး |
| ၆လ မှ ၁၂ လ အထိ | ၂၄ | ၇% | ကျန်းမားရေး၊စားသုံးရန်၊အဝတ်အထည် |

ရင်းမြစ် .. ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဆင့်(၃)အိမ်ထောင်စုနှင့် အဆင့်(၄)အိမ်ထောင်စု(၃၀%)သည် ဝမ်းစာဖူလုံမှုအခြေအနေနှင့် အကြွေးတင်မှု စစ်တမ်းကောက်ယူခြင်းအရ အိမ်ထောင်စု(၁၁)အိမ်သည် ကျန်းမာရေး နှင့်စားသုံးရန်အတွက်၊ အိမ်ထောင်စု(၂၄)အိမ်သည် ကျန်းမာရေး၊အဝတ်အထည်၊စားသုံးရန်အတွက် ငွေတိုးချေးယူ၍ အကြွေးတင်ရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | | ၂ | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၉ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၂ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။။** ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းသော သက်ကြီးရွယ်အို(၆၀)နှစ်နှင့်အထက် မ(၂)ဦးရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု(၉)စုရှိပါသည်။ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖိုအိမ်ထောင်စု (၁)စုရှိပြီး အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု(၂)စုရှိပါသည်။ သို့ဖြစ်ပါ၍ သက်ကြီးရွယ်အို(၆၀)နှစ်နှင့်အထက် မ(၂)ဦးအား မည့်သည့်အဖွဲ့အစည်းမှ ထောက်ပံ့ကူညီခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် | အလုပ်အကိုင်ရှားပါးခြင်း |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် | ဆည်ရေမရှိခြင်း၊မြေဆီလွှာတွင် ပိုးသတ်ဆေး အသုံးပြုမှုများခြင်း |
| ၃ | ရေကြီးခြင်း | မြင့် | မိုးခေါင်ခြင်း၊စပါးခင်းလယ်ရေနှစ်ခြင်း |
| ၄ | မိုးခေါင်ခြင်း | လတ် | လယ်စိုက်နောက်ကျခြင်း |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | ထိခိုက်မှုမရှိ |
| ၆ | မုန်တိုင်း | နိမ့် | ထိခိုက်မှုမရှိ |
| ၇ | လျှော် | နိမ့် | ထိခိုက်မှုမရှိ |
| ၈ | မီးဘေး | မြင့် | မီးသတ်ကားမရှိ၊ဖယောင်းတိုင်မီးသုံးစွဲမှုရှိ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | | | ခြင်း |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | ထိခိုက်မှုမရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | ထိခိုက်မှုမရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | လတ် | သစ်အလွန်အကျွံခုတ်ခြင်း၊တရားမဝင်သစ်ခုတ်ခြင်းများပေါ်များခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် | ဆေးဝါးမရှိခြင်း |
| ၁၃ | တီဘီရောဂါ | မြင့် | ဆေးဝါးမလုံလောက်ခြင်း |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် | ဗဟုသုတနည်းပါးခြင်း |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | ထိခိုက်မှုမရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | ထိခိုက်မှုမရှိ |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | ထိခိုက်မှုမရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | မြင့် | ဟိုပင်သို့ဆက်သွယ်ရေးလမ်းကြောင်း(၅၁၅ ၀)ပေ မြေလမ်းဖြစ်နေပါ၍ ခက်ခဲခြင်း |
| ၁၉ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်လက်လုပ်လက်စား၊ကျပန်းလုပ်ကိုင်သူများပြားခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းတို့ကြောင့် စားနပ်ရိက္ခာဖူလုံမှုထိခိုက်ရခြင်းဖြစ်ပါသည်။ မြေနုကျေးရွာအထက်ဆည်ရှိသော်လည်း လယ်ယာမြေများအတွက် ရေနည်းပါးသောကြောင့် ရေမရရှိပါ။မီးဘေးအန္တရာယ်မှာ (အမြင့်) နေရာအဆင့်ရှိပြီး မီးသတ်ကားလုံးဝမရှိသောကြောင့်ဖြစ်ပါသည်။ သစ်တောပြုန်းတီးရခြင်းမှာ သစ်အလွန်အကျွံခုတ်ခြင်း၊တောမီးရှို့ခြင်း၊ တရားမဝင်သစ်စက်များများပြားခြင်းကို အရေးယူမှုနည်းပါးခြင်းကြောင့် သစ်တောပြုန်းတီးရပါသည်။ ကျေးရွာပိုင်သစ်တော စိုက်ခင်းများမရှိပါ။ ရေမှတဆင့် ငှက်ဖျားရောဂါကူးစက်ခြင်း၊မူးယစ်ဆေးထိုးအပ်မှတဆင့် ကိုယ်ခံအားကျဆင်းခြင်းကြောင့် တီဘီရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ ကူးစက်ခံရကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးဝါးသုံးစွဲမှုများ ခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | အလုပ်အကိုင်ရှားပါးခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | အလုပ်အကိုင်ရှားပါးခြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | ထိခိုက်မှုမရှိ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | ထိခိုက်မှုမရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | ထိခိုက်မှုမရှိ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူ များ (IDP) | နိမ့် | ထိခိုက်မှုမရှိ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | ထိခိုက်မှုမရှိ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | ထိခိုက်မှုမရှိ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | အလုပ်အကိုင်ရှားပါးခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | ထိခိုက်မှုမရှိ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | နိမ့် | ထိခိုက်မှုမရှိ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | ထိခိုက်မှုမရှိ |
| ၁၄ | ရွှေတွင်းလုပ်သား | လတ် | ကုန်ဈေးနှုန်းမြင့်မားလာခြင်း၊ ကုမ္ပဏီများလုပ်ကိုင်မှုရှိခြင်း |
| ၁၅ | ဆေးစွဲသူများ | မြင့် | ရောင်းသူပေါ်များခြင်း |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | မြင့် | ဆေးစွဲသူများပြားလာခြင်း ကြောင့် ကူးစက်ရောဂါရနိုင် ခြင်း |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | ထိခိုက်မှုမရှိ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | ထိခိုက်မှုမရှိ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | လတ် | အလုပ်အကိုင်ရှားပါးခြင်း |
| ၂၀ | ကားသမား | လတ် | တရားဝင်လိုင်စင်မရှိခြင်း |
| ၂၁ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဆေးရုံ၊ဆေးခန်းမရှိခြင်းကြောင့် ဒေသတွင်နေထိုင်သူများမှာ ထိခိုက်မှုမြင့်မားရခြင်းဖြစ်ပါသည်။ လူငယ်များသည် မူးယစ်ဆေးဝါးသုံးစွဲမှုများပြားခြင်း၊ရောင်းဝယ်သူများခြင်းတို့ကြောင့် ထိခိုက်မှုများရခြင်းဖြစ်သည်။ အလုပ်အကိုင်ရှားပါးရခြင်းကြောင့် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု လက်လုပ်လက်စားများ(ကျပန်း)နှင့် ရွှေ့ပြောင်းလုပ်သားများ ထိခိုက်မှုမြင့်မားရခြင်းဖြစ်ပါသည်။ မူးယစ်ဆေးစွဲသူများမှတဆင့် ကူးစက်ရောဂါရရှိနိုင်သူမြင့်မားနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် ကားလုပ်ငန်းဖြင့် အသက်မွေးမှုများသည်၊ တရားဝင်လုပ်ကိုင်ခွင့်မရခြင်း၊ပဋိပက္ခများမကြာခဏဖြစ်ပွားခြင်းကြောင့် ထိခိုက်မှုအလယ်အလတ်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | အရံမီးသတ် | ၂ | ၇ | | ၇ | မီးဘေးကာကွယ်ရေး | ၄ | ၆ |
| ၂ | နာယကအဖွဲ့ | ၂ | ၅ | | ၅ | သာရေး/နာရေး | ၄ | ၇ |
| ၃ | မိခင်နှင့်ကလေး | ၂ | | ၁၀ | ၁၀ | လူမှုရေး | ၄ | ၇ |
| ၄ | ပြည်သူ့စစ် | ၂ | ၁၀ | | ၁၀ | လုံခြုံရေး | ၄ | ၇ |
| ၅ | အမျိုးသမီးရေးရာ | ၃ | | ၁၁ | ၁၁ | လူမှုရေး | ၄ | ၇ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းရှိ အဖွဲ့အစည်းများမှာ အရံမီးသတ်၊နာယကအဖွဲ့၊ မခင်နှင့်ကလေး၊ ပြည်သူ့စစ်၊အမျိုးသမီးရေးရာအဖွဲ့အစည်းများသည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုရေးလုပ်ငန်းများ၊မီးဘေးကာကွယ်ရေး၊ ကျေးရွာ၏လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | မေတ္တာလေညှင်း လူမှုကူညီရေးအသင်း | ၆ | လူမှုရေးကိစ္စ၊နာရေးကိစ္စများအား ဆောင်ရွက်ခြင်းဖြစ်ပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇)	ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ပြင်ပမှ လာရောက်ဖွဲ့စည်းထားသော အဖွဲ့အစည်းများမရှိခြင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

## (၂.၂.၁) သီးနှံထုတ်လုပ်ရေး

## (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၄၅ | ၄၃% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေထိ | ၃၄ | ၁၀% | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၁၃၇ | ၄၁% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ကေ အထက် | ၂၂ | ၆ % | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၃၃၈** | **၁၀၀** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးမြေ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အိမ်ထောင်စု ၃၃၈စု ရှိသော်လည်း မြေယာမဲ့အိမ်ထောင်စုမှာ(၁၄၅)စုဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့်(၄၃%)၊ ၂.၅ကေထိ တောင်သူငယ်မှာ ၃၄စု(၁၀%)၊ ၅ကေမှ ၁၂.၅ကေကြား အလယ်အလတ်စားတောင်သူမှာ(၄၁%)၊ ၁၂ကေအထက် တောင်သူအကြီးစားမှာ(၆) %သာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ကေ | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | အစိုးရ | ၄၇၀ | တစ်နှစ်ပတ်လုံး | မရှိ |
| ၂ | ရေလွှဲဆည် | ပုဂ္ဂလိက | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | - | | | |

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ကေ | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၄ | အဝီစိတွင်း | - | | | |
| ၅ | လက်ငင် ရေတွင်း | - | | | |
| ၆ | စိမ့်စမ်းရေ | - | | | |
| ၇ | ချောင်းရေ | - | | | |
| ၈ | အခြား | - | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရေရင်းမြစ် ရေသောက်ရေသွင်း ဧရိယာနှင့်ပတ်သက်၍ မြို့သစ်ကလေးဆည်ရှိသော်လည်း ရေမရရှိနိုင်ခြင်းကြောင့် မိုးရေကိုသာအားထားရပါသည်။ မြစ်ချောင်း၊အင်း၊ အိုင်များနှင့်မနီးစပ်သဖြင့် မိုးရာသီမှသာ စပါးတစ်သီးစားသာ စိုက်ပျိုးရရှိနိုင်ပါသည်။ မြေနုကျေးရွာ စုစုပေါင်း ရေသောက်ကေမှာ (၄၇၀)ကေရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ကေ | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| မိုးစပါး | ၁၄၃၂ | တင်း | ၇၀ | ၁၀၀ | ၈၅ | ဇွန် | အောက်တိုဘာ | မြင့် | လတ် | |
| မြေပဲ | ၃၀ | တင်း | ၆၀ | ၈၅ | ၆၇.၅ | ဒီဇင်ဘာ | ဧပြီ | မြင့် | လတ် | |
| ပဲပုတ် | ၁၅ | ခိုင် | ၁၅ | ၂၀ | ၁၇၅ | ဒီဇင်ဘာ | ဧပြီ | မြင့် | လတ် | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်စိုက်ကေစုစုပေါင်း(၁၄၃၂)ကေရှိပြီး အများဆုံး(၁၀၀)တင်း

နှင့် အနည်းဆုံး(၇၀)တင်းထွက်ရှိပါသည်။ ဓါတ်မြေဩဇာ၊ မျိုးစပါး လိုအပ်ချက် များမှာ မြင့်မားပါသည်။ ကျေးရွာရှိတောင်သူများသည် လယ်လုပ်ငန်းပြီးချိန်တွင် မြေပဲနှင့်ပဲပုတ်တို့ကို စိုက်ပျိုးလျှက်ရှိကြောင်း တွေ့ရပြီး လယ်ယာစိုက်ပျိုးစရိတ်များ မြင့်မားပြီး အမြတ်ရရှိမှုသည် အလယ် အလတ်အဆင့်သာရရှိပါသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | ၂ | - | - | - | - | | |
| လက်တွန်းထွန်စက် | ၈၆ | - | - | - | - | ၁၀၈ | |
| အစေ့ချ ကိရိယာ | - | | | | | - | |
| ရိတ်သိမ်းခြွေလှေ့စက် | ၁ | | | | | - | |
| ရိတ်သိမ်းစက် | - | | | | | - | |
| ခြွေလှေ့စက် | ၉ | - | - | - | - | ၁၈၅ | |
| ရေစုပ်စက် | ၂၄ | - | - | - | - | - | |
| ခြေနင်းရေတင်စက် | - | | | | | | |
| မြက်ရိတ်စက် | ၁ | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာနှင့် ပတ်သက်၍ ထွန်စက်အနေနှင့် ၂လုံးသာရှိပြီး လက်တွန်းထွန်စက်အလုံး ၈၆လုံး ရှိသော်လည်း ကျန်ရှိနေသော တောင်သူ(၁၀၈)ဦးမှာ ငှားရမ်းလုပ်ကိုင်နေကြောင်းတွေ့ရပါသည်။လယ်ရိတ်သိမ်းချိန်အနေဖြင့် ခြွေလှေ့စက်မှာ (၉)လုံးသာ ရှိပြီး ကျန်ရှိနေသောလယ်သမားများအနေဖြင့် ခြွေလှေ့စက်များလိုအပ်နေကြောင်း တွေ့ရပါသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | လယ်ယာစိုက်ပျိုးပြီးချိန်ရိတ်သိမ်းပြီးနောက် စားသုံးသီးနှံအား သီးထပ်စိုက်ပျိုးနိုင်ခြင်း |
| ရေရင်းမြစ် | လယ်မီးဆည်မှ စိုက်ပျိုးရေရရှိခြင်း |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | ကျေးရွာမှ နွားချေး၊ဝက်ချေးနှင့် ကြက်ခြံမှ ကြက်ချေးများ၊စပါးခွံများရရှိနိုင်ခြင်း |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | အော်ဂဲနစ်၊ဓါတုပိုးသတ်ဆေးများ ဈေးကွက်ဝင်လာခြင်း |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ | ပုံစံ-ဂုရှိမှ စိုက်ဘဏ်နှင့် သမဦးစီးဌာနမှ ငွေကြေးဝန်ဆောင်မှုရခြင်း |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | နည်းပညာဟောပြောပွဲများကို စိုက်ပျိုးဟောပြောပို့ချခြင်း |
| သွင်းအားစုဈေးကွက် | ကုန်သည်ပွဲစားများမှ ရောင်းချဝယ်ယူခြင်း |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | စပါးပေါ်ချိန်တွင် ဈေးနှုန်းနည်းပါးစွာ ရောင်းချခြင်း၊ ကုန်သည်ပွဲစားများမှ ဈေးနှိမ်ဝယ်ယူခြင်း |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် သဘာဝမြေဆွေး အော်ဂဲနစ်မြေသြဇာ၊ဓါတုပိုးသတ်ဆေး၊ ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုများ၊ နည်းပညာအုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ၊ သွင်းအားစုဈေးကွက်နှင့် ထုတ်လုပ်မှုဈေးကွက်၊ ကုန်သွယ်မှုများကို လယ်သမားများနှင့် သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများမှ ညှိနှိုင်းဆောင်ရွက်မှသာ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | မြေလွတ်၊မြေရိုင်းမရှိခြင်း |
| မြေဆီသြဇာ အခြေအနေ | ဓါတ်မြေသြဇာအများအပြားအသုံးပြုရခြင်း |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | ကြိုရောင်းစနစ်ကို အသုံးပြုရခြင်း |
| စိုက်ပျိုးရေး သွင်းအားစုများ | ကုန်သည်ပွဲစားများမှ ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူရခြင်း |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| အချိန်မီ ရရှိအသုံးချနိုင်မှု | |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | လယ်ယာသုံးစက်ကိရိယာများကိုသာ အသုံးပြုခြင်း |
| ရေရင်းမြစ်များ ရရှိနိုင်မှု | ဆည်ရှိသော်လည်း ရေရရှိမှု မရှိခြင်း |
| စိုက်ပျိုးရေမလုံလောက်မှု | ပိုးသတ်ဆေး အလွန်အကျွံသုံးစွဲရခြင်း |
| ဖျက်ပိုးနှင့် ရောဂါ | ကုန်သည်ပွဲစားများမှ ရွာသို့ လာရောက်ဝယ်ယူခြင်း |
| ဈေးကွက် လက်လှမ်းမီမှု | မိရိုးဖလာလယ်ယာလုပ်ငန်းသာ လုပ်ကိုင်ခြင်း |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာ စိုက်ပျိုးမြေ တိုးချဲ့နိုင်မှုမှာ မြေလွတ်မြေရိုင်းမရှိခြင်း၊ မြေဆီမြေဩဇာ အနေဖြင့် ဓါတ်မြေဩဇာအများအပြားအသုံးပြုရခြင်း၊ ငွေကြေးအရင်းအနှီးရရှိနိုင်ရန်အတွက် စပါးများကို ကြိုရောင်းစနစ်ဖြင့် အသုံးပြုရခြင်း၊လုပ်သားရှားပါးမှုကြောင့် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုရခြင်း၊ ဆည်ရှိသော်လည်း ရေရရှိမှုမရှိသဖြင့် သဘာဝမိုးရေကိုသာ အသုံးပြုရခြင်း၊ ဈေးကွက်လက်လှမ်းမှီမှုမှာလည်း ပွဲစားများမှ ရွာသို့ လာရောက်ဝယ်ယူမှသာ ရောင်းချရခြင်း၊ နည်းပညာအကူအညီနှင့်ပတ်သက်၍ မိရိုးဖလာ လယ်ယာလုပ်ငန်းသာ လုပ်ကိုင်ခြင်းများကိုသာ လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

## (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၁၈၈ | ၉၉၃ | |
| နို့စားနွား | | | |
| မြင်း | ၁ | ၂ | |
| ကျွဲ | ၁၈ | ၂၇၇ | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | | | |
| သိုး | | | |
| ဝက် | ၃၂ | ၂၇၉ | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| ကြက် | ၃၄ | ၁၂၀၅ | |
| ဘဲ | ၅ | ၂၂ | |
| နွားနောက် | - | - | |
| အခြား | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | | |
| ပုဇွန်ကန် | - | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | | |
| အခြား | - | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ တောင်သူ (၁၈၀)ဦးသည် ခိုင်းနွား(၉၃၃)ကောင်၊တောင်သူ(၁၈)ဦးသည် ကျွဲ(၂၂၇)ကောင် မွေးမြူကြပါသည်။ အိမ်ထောင်စု (၁)စုသည် မြင်း(၂)ကောင်၊ အိမ်ထောင်စု(၃၂)စုသည် ဝက်(၂၇၉)ကောင်၊ အိမ်ထောင်စု(၃၄)စုသည် ကြက်(၁၂၀၅)ကောင်နှင့် အိမ်ထောင်စု(၅)စုသည် ဘဲ(၂၂)ကောင်မွေးမြူကြကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | တောင်ယာလုပ်ငန်းများရှိခြင်း၊လယ်မြေများရှိခြင်း |
| ရေရရှိမှု | |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မွေးကုဦးစီးဌာနနှင့်ချိတ်ဆက်နိုင်ခြင်း |
| ချေးငွေ | သမဦးစီးဌာနနှင့် ငွေတိုးရယူချေးယူနိုင်ခြင်း |
| သွင်းအားစုဈေးကွက် | ကုမ္ပဏီမှ ကြက်ပေါက်ကလေးများ တင်သွင်းမှုရှိြခင်း |
| ဝန်ဆောင်မှုဈေးကွက် | ကျောက်မော်၊ရွှေမော်များသို့ တင်ပို့နိုင်ခြင်းရှိခြင်း |
| ထုတ်ကုန်ရောင်းဝယ်မှု | |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အိမ်ခြံဝင်းအတွင်း တနိုင်တပိုင်မွေးမြူမှုရှိပါသည်။ |
| အခြား | - |
| **ငါးလုပ်ငန်း** | |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | - |
| ချေးငွေ | - |
| သွင်းအားစု လက်လှမ်းမီမှု | - |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | - |
| ထုတ်ကုန်ရောင်းဝယ်မှု | - |
| အခြား | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းဆောင်ရွက်သော အိမ်ထောင်စုမရှိပါ။ ကြက်၊ဝက်၊နွားများကို တစ်နိုင်တစ်ပိုင် မွေးမြူခြင်းများရှိပါသည်။ တောင်ယာနှင့်လယ်မြေများတွင် ကျွဲ၊နွားများ အတွက် စားကျက်မြေရှိပါသည်။ မွေးမြူရေးအတွက် ကြက်၊ဝက်၊ပေါက်ကလေးများအား မွေး/ကုဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ဝယ်နိုင်ခြင်း၊ မွေးမြူရေးအတွက် အစာနှင့်ဆေးဝါးများကို မွေး/ကုဦးစီးဌာနနှင့် ချိတ်ဆက် ဝယ်ယူနိုင်ခြင်း၊ကြက်၊ဝက်၊နွားများအား အိမ်ခြံဝင်းများအတွင်း တနိုင်တပိုင်မွေးမြူကြပါကြောင်း လေ့လာတွေ့ရှိ ရပါသည်။

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေရရှိနိုင်မှု | မရှိပါ။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ရှိ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | ဌာနဆိုင်ရာများနှင့် ချိတ်ဆက်အားနည်းခြင်း |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | - |
| ချေးငွေရရှိနိုင်မှု | - |
| အခြား | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လိုသူများရှိသောလလည်း နည်းပညာအားနည်းလျှက်ရှိပါသည်။ တစ်ခါတစ်ရံ ကျေးရွာ၏ ကျွဲ၊နွားများအပေါ် ကူးစက်ရောဂါများ ကျရောက်တတ်ပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | - | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | - | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | | | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၁၁ | - | ၁၁ | အိမ်ဆိုင်အရောင်းအဝယ် ပွဲစား လုပ်ကိုင်သူလုပ်ငန်း(၁၁) |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း | - | - | - | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | - | ၃ | - | ရဲသား(၂)ဦး<br>တပ်မတော်သား ၁ဦး |
| ၁၃ | ပညာရေး | - | ၆၀ | - | ကျောင်းဆရာ/မ |
| ၁၄ | ကျန်းမာရေး | - | - | - | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | - | - | - | |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | ၁၄၀ | - | - | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,) | - | - | - | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | **၁၄၀** | **၆၄** | **၁၁** | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်ပြီး အနည်းစုဖြစ်သော အိမ်ထောင်စု(၁၁)အိမ်သည် အိမ်ဆိုင်၊အရောင်းအဝယ်၊ပွဲစားလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ကျေးရွာရှိအိမ်ထောင်စု(၃)အိမ်သည် ဘေးကင်းလုံခြုံရေးရဲသား(၂)ဦးနှင့် တပ်မတော်သား (၁)ဦးရှိပါသည်။ ကျေးရွာတွင် ကျောင်းဆရာ/မ (၆၀)ဦးရှိပြီး ကျန်းမာရေးအတွက် သားဖွားဆရာမ (၁)ဦးရှိပါသည်။ အမျိုးအမည်မဖော်ပြနိုင်သော လုပ်ငန်းများဖြစ်သော ကျပန်းလုပ်သူ(၁၄၀)ဦးရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

### (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| အရောင်းအဝယ်လုပ်ကိုင်ရန် စပါး၊မြေပဲ၊ပဲပုတ်ရှိခြင်း | အရောင်းအဝယ်လုပ်ကိုင်ရန် ငွေကြေးအရင်းအနှီး လုံလောက်စွာမရှိခြင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဆန်စပါး၊ပဲပုတ်၊မြေပဲများထွက်ရှိမှုရှိ၍ အရောင်းအဝယ်လုပ်ကိုင်ရန် အခွင့်အလမ်းရှိခြင်း၊သို့သော် အရောင်းအဝယ်လုပ်ကိုင်ရန် ငွေကြေးအရင်းအနှီးလုံလောက်စွာမရှိ၍ အခြားဒေသမှ ကုန်သည်၊ပွဲစားများ လာရောက်ဝယ်ယူခြင်းဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

ဇယား(၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ငွေကြေးအရင်းအနှီးမရှိခြင်း | ငွေကြေးအရင်းအနှီးမရှိခြင်းကြောင့် အတိုးရာခိုင်နှုန်းများများဖြင့် ငွေချေးယူရပါသည်။ |
| | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ငွေကြေးများရှာဖွေရန်ခက်ခဲသောကြောင့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန် ငွေကြေးရှာဖွေ လက်လှမ်းမှီမှုမှာ ခက်ခဲပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | ၂၀၀ | ၁၅၀ | ၅၀ | ၂၀၀ | ၁၅၀ | ၅၀ | ၂၀၀ | ၁ | | ၁ |
| ၂ | ရွှေ့ပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ | ၂၅၀ | ၁၉၀ | ၆၀ | ၂၅၀ | ၁၉၀ | ၆၀ | ၂၅၀ | ၁ | | ၁ |

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | ၇၅ | ၂၃ | ၉၈ | | | | | | |
| | ၆ လ အထိ | - | ၆၈ | ၂၂ | ၉၀ | | | | | | |
| | ၁၂ လ အထိ | - | ၅၆ | ၅ | ၆၁ | | | | | | |
| | ၁၂ လ အထက် | - | ၁ | | ၁ | | | | | | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရွှေ့ပြောင်းသွားလာမှုနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်များမှာ လူငယ်အုပ်စု များပြားခြင်းကို တွေ့ရှိရပါသည်။ ရွှေ့ပြောင်းလုပ်သားများ ၁ဦးမှ ၃ဦးအထိရှိသော အိမ်ထောင်စုမှာ ၂၀၀ဖြစ်ပြီး ကျေးရွာရှိ ရွှေ့ပြောင်းလူဦးရေမှ ၂၅၀ဦးသည် ပြည်တွင်းမှာဖြစ်ပြီး ကျန်၁ဦးမှာ ပြည်ပဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၂၅၀ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | ၁.၈ |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာမှ အလုပ်အကိုင်ရှာဖွေရာ ဌာနများမှာ ဖားကန့်၊တာမခံ၊ရန်ကုန်၊ မန္တလေး၊မိုးညှင်း၊ဟိုပင် သွားရောက်ရှာဖွေလုပ်ကိုင်ကြသော လူဦးရေ ၂၅၀ရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။ အချို့မှာစစ်မှုဝန်ထမ်း၊ရဲဝန်ထမ်း၊ကျောင်းဆရာ၊ဆရာမများဖြစ်ကြောင်းနှင့် အချို့မှာ စီးပွားရေးအခြေအနေ အရ ရွှေ့ပြောင်းလုပ်ကိုင်ရကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|

| | | စုစု ပေါင်း | % ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
|---|---|---|---|---|---|---|
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၁၆ | ၁၃% | √ | | |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | | - | - | - |
| | - ဘဏ် | | | - | - | - |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | | | - | - | - |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | | | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့်လူကြုံဖြင့်လွှဲပို့ခြင်း | | | - | - | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စုအရေအတွက်မှာ ၁၆စုဖြစ်ပြီး လူကြုံဖြင့်သာ ပြန်ပို့ရပြီး ရာခိုင်နှုန်းအားဖြင့် ၁၃%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ကျေးရွာအတွင်း | ဟိုပင် ၅မိုင် |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ | မြေလမ်း(ဆိုင်ကယ်၊စက်ဘီး၊ ခြေလျင်) | ကတ္တရာလမ်း ၃မိုင်ခွဲ |
| ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု | စားသုံးကုန် | ဆန်စပါး၊အသီးအရွက်မျိုးစုံ |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | ကျပန်း | သွပ်မိုး၊အုတ်တကပ်၊ပျဉ်ခင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဈေးကွက်လက်လှမ်းမှီမှုမှာ နံနက်ဈေးအဖြစ် အဝတ်အထည်နှင့် စားသုံးကုန် ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံကို ရောင်းဝယ်ပြုလုပ်ခြင်းများဖြစ်ပါသည်။ မြေနုကျေးရွာမှ ဟိုပင်ဈေးသို့ ၅မိုင်ကွာဝေးသောကြောင့် ထော်လာဂျီ၊သုံးဘီး၊ဆိုင်ကယ်များဖြင့် သွားရောက်ရောင်းချ ဝယ်ယူကြရပါသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေး ဘဏ်၊ သ မချေး ငွေ) | စိုက်စရိတ် ချေးငွေ | ၆ လ | ၇၀ ပြား | ပုံစံ(၇) | ပုံစံ(၇)မရှိခြင်း |
| ပုဂ္ဂလိကဘဏ် | - | - | - | - | - |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ | | | | | |
| အဖွဲ့အလိုက်ငွေစု /ငွေချေးအစီအစဉ် | စိုက်ပျိုးစရိတ် | ၆လ | ၁.၅ကျပ် | - | ပုံစံ(၇)မရှိခြင်း |
| ငွေချေးပေးသူ | - | - | - | - | မရှိ |
| အပေါင်ဆိုင် | စားဝတ်နေရေး | အရစ်ကျ | ၃ကျပ် | ရွှေ | ရွှေစာချုပ်စာတန်းမရှိခြင်း |
| မိတ်ဆွေနှင့်ဆွေမျိုးများ | | | | | - |
| အခြား | - | - | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ချေးငွေရရှိနိုင်သည့် ငွေကြေးလက်လှမ်းမီမှုနှင့်ပတ်သက်၍ အစိုးရ စိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်အဖြစ် လယ်ယာမြေ ဧရိယာအလိုက် ပုံစံ(၇)ရှိသူများအား ချေးငွေရရှိနိုင်ပြီး အတိုးနှုန်း ၁ကျပ်၅၀ပြားပေးဆောင်ရပြီး ထုတ်ချေးကာလ ၆လပြည့်မှာ အစိုးရစိုက်ပျိုးရေးဘဏ်သို့ ပြန်လည်ပေးဆပ်ရပါသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်

**အခက်အခဲများ**

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | မြင့် | ဓါတ်မြေသြဇာအလွန်သုံးစွဲခြင်း |
| အပင်မျိုးစိတ်များ | မြင့် | ဓါတ်မြေသြဇာအလွန်သုံးစွဲခြင်း |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | မြင့် | ဓါတုဆေးဝါးသုံးစွဲမှုများခြင်း |
| ရေရင်းမြစ် | မြင့် | မိုးရေကိုသာ အသုံးပြုရခြင်း |
| ငါးမျိုးကွဲများ | မြင့် | ဆေးခတ်ခြင်း၊လျှော့တိုက်ခြင်း |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့် | ဖမ်းဆီးမှုများခြင်း |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့် | စနစ်တကျစွန့်ပစ်မှုမရှိ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာတွင်သဘာဝပတ်ဝန်းကျင်းနှင့် သဘာဝအရင်းမြစ်များအား လယ်သမားများသည် ဓါတ်မြေသြဇာအလွန်အကျွံသုံးစွဲခြင်း၊ဓါတုဆေးဝါးသုံးစွဲမှုများခြင်း၊ မိုးရေကို သာအသုံးပြုရခြင်းများကြောင့် မြေဆီလွှာခမ်းခြောက်မှုမှာ အမြင့်နေရာမှာရောက်ရှိနေတာကို တွေ့ရှိရပါသည်။ တိရစ္ဆာန်မျိုးကွဲပြားမှုမှာလည်း လျှော့တိုက်၊ဆေးခတ်ခြင်း၊ ထိန်းသိမ်းခြင်းမရှိ ဖမ်းဆီးပစ်ခတ်ခြင်းများပြားခြင်း၊ သဘာဝပတ်ဝန်းကျင်အနေဖြင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျ မရှိခြင်းကြောင့် အမြင့်ဆုံးအနေအထားမှာ ရောက်ရှိနေပါသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏% |
|---|---|---|---|---|
| စာမတတ်သူဦးရေ | | ၅ | ၅ | ၀.၃၀% |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၅ | ၁၆ | ၂၁ | ၁.၃ % |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၁၃၈ | ၁၆၃ | ၃၀၁ | ၁၈.၃% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၈၈ | ၃၅၇ | ၇၄၅ | ၄၅.၂% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၇၄ | ၁၇၆ | ၃၅၀ | ၂၁.၂% |

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏% |
|---|---|---|---|---|
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၄၈ | ၆၅ | ၁၁၃ | ၇% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၄၀ | ၇၃ | ၁၁၃ | ၇% |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၇၉၃** | **၈၅၅** | **၁၆၄၈** | ၁၀၀% |

ရင်းမြစ် …အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ပညာရေးပြီးမြောက်မှုနှင့် ပတ်သက်၍ စာမတတ်သူဦးရေမှာ ၀.၃၀%၊ ဘုန်းကြီးကျောင်းသင်ပညာရေးမှာ ၁.၃%၊ မူလတန်းပညာရေး မပြီးဆုံးသူဦးရေ ၁၈.၃%၊ မူလတန်းပညာရေး ပြီးဆုံးသူဦးရေ ၄၅.၂%၊အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ ၂၁.၂%၊ အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ ၇%၊ တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ ၇%ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၈၈ | ၇၀ | ၁၅၈ | ၈% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၁၇၄ | ၁၇၆ | ၃၅၀ | ၂၁% |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၄၈ | ၆၅ | ၁၁၃ | ၇% |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၄၀ | ၇၃ | ၁၁၃ | ၇% |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ပညာရေးအဆင့်နှင့်ပတ်သက်၍ လက်ရှိပညာသင်ကြားနေသော ကျောင်းတက်နှုန်းမှာ မူလတန်း(၅-၉)နှစ်မှာ ၈%၊အလယ်တန်း (၁၀-၁၄နှစ်) ၂၁%၊ အထက်တန်း (၁၅-၁၆ နှစ်ကြား) ၇%၊ တက္ကသိုလ် ကျောင်းသား၊ သူ ၇%ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | |
|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | မြေနုကျေးရွာအတွင်း | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင်တက် | |
| စာသင်ကျောင်းအရွယ်အစား<br>(အလျား၊ အနံ၊အမြင့်) | အ.လ.ကခွဲ<br>၁။ ၁၀၈ပေ၊၃၀ပေ၊၁၈ပေ<br>၂။ ၁၂၀ပေ၊၃၀ပေ၊၁၃ပေ<br>၃။ ၁၂၀ပေ၊၃၀ပေ၊၁၃ပေ | |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | သွပ်၊အုတ်၊ပျဉ်၊အင်္ဂတေ | |

| အကြောင်းအရာ | မူလတန်းကျောင်း | | | | | |
|---|---|---|---|---|---|---|
| ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာအခြေအနေ | ရှိပါသည်။<br>၃၂၈ဦး၊ ၇လုံး | | | | | |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရအမျိုးအစားနှင့် ကြိမ်ရေ) | ၂လတစ်ကြိမ်နှုန်း<br>၆ကြိမ် | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | | ၁၁ | ၁၁ | | | |
| ကျေးရွာခန့် | - | - | - | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ လုပ်ဆောင်ထားမှုရှိကြောင်းတွေ့ရှိရပါသည်။ မူလတန်းဆောင်မှာ ၁။ ၁၀၈ပေ၊၃၀ပေ၊၁၈ပေ ၊၂။ ၁၂၀ပေ၊၃၀ပေ၊၁၃ပေ၊ ၃။ ၁၂၀ပေ၊၃၀ပေ၊၁၃ပေ၊ သွပ်မိုး၊ပျဉ်ကာ၊အုတ်၊ အင်္ဂတေ တို့ဖြစ်ပါသည်။ကျောင်းတွင် အဟာရအနေဖြင့် မူလတန်း၊အလယ်တန်းတို့ကို နှစ်လတစ်ကြိမ် ကြက်သားဆန်ပြုတ်ကိုသာ တိုက်ကျွေးနိုင်ပါသည်။ ကျောင်းတွင် ဆရာ၊မနှင့်ပတ်သက်၍ မူလတန်း၊အလယ်တန်းတွင် မ(၁၁)ဦးသာရှိသော်လည်း လုံလောက်မှုရှိပါသည်။

## (၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လယ်-မူ စုစုပေါင်း ၁၁ယောက် |
| တပည့် - ဆရာ အချိုး | မရှိပါ။ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိပါ။ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိပါ။ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | စာအုပ်၊စာရေးကိရိယာများအား ဆင်းရဲသည့် မိသားစုသည် လုံလောက်မှုမရှိပါ။ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | မရှိပါ။ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | မရှိပါ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကျောင်းမိဘ ဆရာအသင်းမှ ကျောင်းဖွံ့ဖြိုးရေးအား ကူညီဆောင်ရွက်မှုရှိပါသည်။ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာတွင် ပညာရေးအနေဖြင့် လယ်၊မူ၊စုစုပေါင်း ဆရာမ(၁၁)ဦး ရှိပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမှီမှုမရှိပါ။ ဆင်းရဲသောမိသားစုသည် စာအုပ်၊စာရေးကိရိယာ များ လုံလောက်မှုမရှိပါ။ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မိဘဆရာ၊ကျောင်းကော်မတီမှ ပူးပေါင်းပါဝင်မှု ရှိပါသည်။

## (၂.၈) ကျန်းမာရေးနှင့်အာဟာရ

### (၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | √ | | မရှိပါ |
| ၂ | သွေးလွန်တုပ်ကွေး | | √ | | မရှိပါ |
| ၃ | ငှက်ဖျား | | √ | | မရှိပါ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | | √ | | မရှိပါ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | √ | | | မူးယစ်ဆေးထိုး၊ဆေးဝါးထိုးနှံမှုများ သောကြောင့် ရောဂါကူးစက်နိုင်ပါသည်။ |
| ၆ | တီဘီ | | √ | | မရှိပါ |
| ၇ | ဆီးချို | | √ | | မရှိပါ |
| ၈ | သွေးတိုး | | √ | | မရှိပါ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | | √ | | မရှိပါ |
| ၁၀ | အာဟာရချို့တဲ့မှု | | √ | | မရှိပါ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | | √ | | မရှိပါ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ။ ဤကျေးရွာတွင် ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ အခြားရောဂါများအနေဖြင့် ပျံ့နှံ့မှု၊ဖြစ်ပွားမှု နိမ့်သော်လည်း၊ HIV ၊ AIDS ၊လိင်မှတဆင့် ကူးစက်နိုင်သောရောဂါမှာ လူငယ်များအနေဖြင့် မူးယစ် ဆေးဝါးသုံးစွဲမှု၊ထိုးနှံမှုများခြင်းကြောင့် အမြင့်ဆုံးအခြေအနေဖြစ်ပွားနေသည်ကို လေ့လာတွေ့ရှိရပါ သည်။

### (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

| **စဉ်** | **ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ** | **ရှိ** | **မရှိ** | **မှတ်ချက် / သုံးသပ်ချက်** |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | √ | | ၁လတစ်ကြိမ်ထိုးနှံမှုရှိပါသည်။ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | √ | | ၁လတစ်ကြိမ်ထိုးနှံမှုရှိပါသည်။ |
| ၃ | ပိုလီယိုရောဂါ | √ | | ၁လတစ်ကြိမ်ထိုးနှံမှုရှိပါသည်။ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | √ | | ၁လတစ်ကြိမ်ထိုးနှံမှုရှိပါသည်။ |
| ၅ | ဝက်သက်ရောဂါ | √ | | လစဉ် |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | √ | | ၆လတစ်ကြိမ်ထိုးနှံမှုရှိပါသည်။ |
| ၇ | အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | √ | | ၁လတစ်ကြိမ်ထိုးနှံမှုရှိပါသည်။ |
| ၈ | အာဟာရပညာပေးအစီအစဉ် | √ | | ၁လတစ်ကြိမ်ထိုးနှံမှုရှိပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာတွင် လွန်ခဲ့သော ၁၂လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ အဆုတ်ရောဂါ၊ဆုံဆို့ကြက်ညှာ၊ မေးခိုင်နှင့်အသည်းရောင်အသားဝါ၊ပိုလီယိုရောဂါ၊မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း)ဝက်သက်ရောဂါ၊အဟာရမှတ်တမ်းယူမှု(အရပ်၊အမြင့်၊အလေးချိန်၊လက်မောင်းပတ်) အဟာရပညာပေးအစီအစဉ်များကို လစဉ်လတိုင်း ၁လတစ်၁ကြိမ်ဆောင်ရွက်မှုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | ၂မိုင်ခန့် | မရှိ | ကျန်းမာရေးမှူး- သားဖွားဆရာမ - ၁ အရံသားဖွားဆရာမ- ကြီးကြပ် (၁) – ကြီးကြပ် (၂) – တိုင်းရင်းဆေးကု- အရပ်လက်သည်- | မရှိ | |
| တိုက်နယ် ဆေးရုံ | မရှိ | မရှိ | ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်- | မရှိ | |
| မြို့နယ် ဆေးရုံ | ဟိုပင်သို့(၅)မိုင်နှင့် မိုးညှင်းသို့ (၁၅)မိုင် | မရှိပါ | ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်- | မရှိပါ။ | |
| ဆေးဆိုင် | ကျေးရွာတွင် (၁)ဆိုင် | မရှိပါ။ | ဆေးဝါးကျွမ်းကျင်သူ | လက်လှမ်းမှီမှု-- ဆေးဝါး-- သိုလှောင်ပုံစနစ်--မရှိ အအေးခန်းစနစ်--မရှိ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ

ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာတွင်ကျန်းမာရေးအထောက်အပံ့နှင့်ပတ်သက်၍ ဝန်ဆောင်မှုများအနေဖြင့် ကျေးရွာအတွင်း ဆေးပေးခန်းလုံးဝမရှိပါ။ အရေးပေါ်အခြေအနေတွင် မြေနုကျေးရွာနှင့်နီးသော မြို့သစ်ကလေးသို့၄င်း၊၅မိုင်ခန့်ဝေးသော ဟိုပင်မြို့သို့၄င်း၊၁၅မိုင်ခန့်ဝေးသော မိုးညှင်းမြို့တိုက်နယ်ဆေးရုံးသို့ သွားရောက်ကုသမှုခံယူကြသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၈ | ကောင်း | √ | √ | √ | |
| အဝီစိတွင်း (စက်တပ်) | ၇ | | | | | |
| အဝီစိတွင်း/တုံကင် | ၂၉၁ | | | | | |
| ကန် | - | | | | | |
| မြစ်/ချောင်း | | | | | | |
| မိုးရေသိုလှောင်ကန် | - | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | - | | | | | |
| အခြား | - | | | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာတွင် သောက်သုံးရေနှင့်ပတ်သက်၍ နွေ၊မိုး၊ဆောင်း၊သုံးရာသီလုံး သုံးစွဲနိုင်သောတွင်းရေ(၈)တွင်း၊အဝီစိတွင်း၊စက်တပ်(၇)တွင်း၊အဝီစိတွင်း၊တုံကင်(၂၉၁)ခုရှိသည်ကို တွေ့ရှိရပါသည်။ သောက်သုံးရေနှင့်ပတ်သက်၍ တစ်နှစ်ပတ်လုံးသုံးစွဲရသော်လည်း ရေသန့်၏ သတ်မှတ်စံချိန်ပြည့်မှီမှုမရှိသောကြောင့် ရေသန့်များကို သုံးစွဲနိုင်ရန် သန့်စင်စက်လိုအပ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

### (၂.၉.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သောအိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၃၁၃ | အဆင့်၁၊၂၊၃တွင်သာ သုံးစွဲပါသည်။ |
| ကျင်းအိမ်သာ | ၂၄ | အဆင့်(၄)အိမ်ထောင်စုသာသုံးစွဲပါသည်။ |
| မြေပေါ် အိမ်သာ | | |
| တောထိုင် | ၁ | အဆင့်(၄)အိမ်ထောင်စုသာသုံးစွဲပါသည်။ |
| **စုစုပေါင်း** | ၃၃၃ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာတွင်တစ်ကိုယ်ရေသန့်ရှင်းမှုနှင့်ကျန်းမာရေးအထောက်အကူအတွက် ယင်လုံအိမ်သာသုံးစွဲနိုင်သော အိမ်ထောင်စုမှ (၃၁၃)ဖြစ်ပြီး၊ ကျင်းအိမ်သာ(၂၄)၊တောထိုင်အိမ်သာ(၁)၊ အဆင့်(၄) အဖြစ် သုံးစွဲနေကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၂.၁၀) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | √ | | အမျိုးသမီးရေးရာအသင်း၊မိခင်နှင့်ကလေး၊ကျေးရွာအပျိုခေါင်းအဖွဲ့ရှိခြင်း |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | √ | - | ကျေးရွာလမ်းပြုပြင်ခြင်း၊အမှိုက်သိမ်းခြင်း၊ အခြားပရိဟိတလုပ်ငန်းလုပ်ကိုင်ခြင်း |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | √ | | လင်မယားစကားများ၍ ဇနီးများအား ရိုက်နှက်ခြင်းများရှိပါသည်။ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | | √ | ကျေးရွာရှိအမျိုးသမီးများသည် ဥ ပဒေနှင့် ဗဟုသုတနည်းပါးခြင်း |
| ၅ | အခြား (ရှိလျှင်) | | | |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာစီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးတက်ကြွစွာပါဝင်မှု၊ခေါင်းဆောင်မှု မရှိပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်

ရှက်မှုရှိပါသည်။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာတွင်းရှိ မိန်းကလေးများ၊အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့) တိုင်ကြားမှုအနည်းငယ်ရှိသည်ကို တွေ့ရပါသည်။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃) | ကောင်း /ဆိုး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| ရွာတွင်းလမ်း | ၂ | ဆိုး | - | | √ | |
| ချဉ်းကပ်လမ်း | | | | | | |
| ရွာချင်းဆက်လမ်း | ၂ | ဆိုး | | | √ | |
| အခြား | | | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာတွင် လမ်းတည်ရှိမှုအခြေအနေနှင့်ပတ်သက်၍ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံးအသုံးပြုရသော်လည်း မိုးရာသီများမှာ အလွန်ဆိုးဝါးပါသည်။ ရွာချင်းဆက်လမ်း အနေဖြင့်ရွာ၏ အနောက်မြောက်ဘက်တွင်ရှိသော အာလံဗိုလ်ကျေးရွာလမ်းမှာ (၁)မိုင်ခွဲ မြေသားလမ်းဖြစ်နေသည့်အတွက် မိုးရာသီမှာအလွန်ခက်ခဲကြောင်း ရွာ၏ အနောက်ဘက် (၂)မိုင်ခန့်အကွာ မြို့သစ်ကလေးကျေးရွာလမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် သွားလာရေးအသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။

### (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | - | | | | |

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ကွန်ကရစ်တံတား | - | | | - | |
| ကြိုးတံတား | - | | | | |
| ရေပြွန် | - | | | | |
| အခြား | - | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် တံတားများတည်ဆောက်မှုမရှိပါ။

## (၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | - | | | |
| ပင်လယ်ရေကြောင်း | - | | | |
| အခြား | - | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၂၄၆ | ၂၅၈ | ၁၃ | ၁၉ | | ၁၈၆ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယဉ်များနှင့်ပတ်သက်၍ စက်ဘီး(၂၄၆)စီး၊ မော်တော်ဆိုင်ကယ်(၂၅၈)စီး၊ ထော်လာဂျီ (၁၃)စီး၊ ကား(၁၉)စီး၊နွားလှည်း(၁၈၆)စီး ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | ၁၄၀ | သင့် | အခက်အခဲမရှိပါ။ |
| ဆိုလာစနစ် | ၁၃၉ | သင့် | အခက်အခဲမရှိပါ။ |
| အသေးစားရေအားလျှပ်စစ် | - | | |
| ဒီဇယ်သုံးအင်ဂျင် | ၁ | သင့် | အခက်အခဲမရှိပါ။ |
| လေစွမ်းအင် | - | | |
| ဇီဝလောင်စာ | - | | |
| အခြား(ဖယောင်းတိုင်) | ၅၈ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာတွင် လျှပ်စစ်မီးရရှိမှုနှင့်ပတ်သက်၍ မဟာဓါတ်အားလိုင်းသုံးစွဲနိုင်သော အိမ်ထောင်စုမှာ (၁၄၀)အိမ်ရှိပြီး ဆိုလာစနစ်ဖြင့်သုံးစွဲသောအိမ်ထောင်စုမှာ (၁၃၉)အိမ်နှင့် ဒီဇယ်သုံးအင်ဂျင် (၁)ခု သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၅၃၆ | ၁၆၂ | ၁၅၅ | ၈၈ | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ အခြေအနေနှင့် ပတ်သက်၍ ဖုန်း(၅၃၆)လုံး၊ ရေဒီယို(၁၆၂)လုံး၊တီဗွီ(၁၅၅)လုံး၊ ဂြိုလ်တုစလောင်း(၈၈)လုံး တပ်ဆင်အသုံးပြု ထားကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၂.၁၄)ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | လူငယ်များအတွက်အားကစားဘောလုံးကွင်းသာရှိပါသည်။ |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | သာရေးနာရေးလုပ်ငန်းများလုပ်ကိုင်ခြင်း |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ဘာသာရေးအလှူပွဲများ၊ဓမ္မစကူးသင်တန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း |
| အားကစားပစ္စည်းများအား | အာကစားပစ္စည်းများတွင်လက်လှမ်းမှီမှုမရှိပါ။ |

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| လက်လှမ်းမီမှု | |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ကျေးရွာ၏လမ်းပြုပြင်ခြင်း၊အမှိုက်သိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ခြင်း |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | ရှမ်းနီလူမျိုးများ၏အကနှင့်ယဉ်ကျေးမှု ထိန်းသိမ်းခြင်း |
| စာကြည့်တိုက်၊အင်တာနက်စသည်များ အား လက်လှမ်းမီမှု | ကျေးရွာမှာ ဖုန်း၊အင်တာနက်များ အသုံးပြုနိုင်ပါသည်။ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာတွင် လူငယ်ဖွံ့ဖြိုးရေးအနေဖြင့် အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှုမရှိပါ။ လူမှုရေးလုပ်ငန်းများတွင်လည်း ပါဝင်မှုအသင့်အတင့်ရှိပါသည်။ ဘာသာရေးလုပ်ငန်းများ တွင်လည်း ပါဝင်မှုအသင့်အတင့်ရှိပါသည်။ အားကစားပစ္စည်းများလက်လှမ်းမှီမှုမရှိပါ။ ရိုးရာယဉ်ကျေးမှုနှင့် ပတ်သက်၍ လူငယ်များအနေနှင့် ယဉ်ကျေးမှုတီးဝိုင်းနှင့်နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းကျောင်းများကို လူငယ်များမှ ဦးဆောင်လုပ်ကိုင်နေကြသည်ကို လေ့လာတွေ့ရှိရပါသည်။ စာကြည့်တိုက်နှင့်အင်တာနက် လက်လှမ်းမှီမှုမှာလည်း အသင့်အတင့်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | ဖုန်း၊အင်တာနက်၊ဆက်သွယ်မှုရှိပါသည်။လမ်းပန်းဆက်သွယ် ရေးကောင်းမွန်သောကြောင့်လူမှုရေးကိစ္စ။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | မရှိပါ။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | မရှိ |
| ရဲစခန်းများအား လက်လှမ်းမီမှု | ကျေးရွာမှ (၅)မိုင်ကွာဝေး |
| အခြား | - |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာတွင် ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်၍ ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများအား လက်လှမ်းမှီမှု၊ အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု၊ လူထုအခြေပြု သဘာဝဘေး အန္တရာယ်လျှော့ချရေး အစီအစဉ်များမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ရဲစခန်းများအား လက်လှမ်းမှီမှုမှာ ကျေးရွာမှ ၅မိုင်ကွာဝေးသော ဟိုပင်ရဲစခန်းကိုသာ အားထားရကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | **လူကုန်ကူးမှု** | **ခိုးမှု** | **မူးယစ်ဆေးသုံးစွဲမှု** | **အကြမ်းဖက်မှု** |
|---|---|---|---|---|
| စိုးရိမ် /သာမန် | ၂ | ၂ | ၁ | နိမ့် |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာတွင် မှုခင်းဖြစ်ပွားမှုအခြေအနေမှာ လူကုန်ကူးမှု၊ခိုးမှုတို့မှာ သာမန်မျှသာတွေ့ရပြီး မူးယစ်ဆေးသုံးစွဲမှုမှာ စိုးရိမ်ရသောအခြေအနေရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

နောက်ဆက်တွဲ ၃

**ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်း** | | | | | |
| | • ကျေးရွာတွင် လမ်းမကောင်းခြင်း | • မြေသားလမ်း ဖြစ်နေခြင်း<br>• ကျေးရွာမှ ပြုပြင်ထိန်းသိမ်းမှု မရှိခြင်း | • ကျေးရွာတွင် လုပ်သားအင်အား ရှိြခင်း | • ရန်ပုံငွေမရှိခြင်း ဦးဆောင်မည့်သူ နည်းပါးခြင်း | • ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ခြင်း | - ကျေးရွာတွင်းမြေသားလမ်းကို ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ပေးခြင်း |
| ၂ | | | | | | |
| | • ကျေးရွာချင်းဆက် လမ်းမကောင်းခြင်း (ကျောက်ချော လမ်းမကောင်းခြင်း | • ကားကြီးများဖြတ်ခြင်း၊ရေတိုက်စားခြင်း၊ဗွက်ထခြင်း<br>• ကျောက်ချောလမ်း ဖြစ်သော်လဲ ကျောက်ခဲ၊သဲကျောက်များအရည်အသွေးမကောင်းခြင်း | • သဲကျောက်တိုက် ရန်ထော်လာဂျီ ကားများ၊သုံးဘီး ယာဉ်များရှိခြင်း၊<br>• ကျေးလက်ဦးစီးဌာနမှဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်မှုရှိခြင်း | • ဌာနဆိုင်ရာများ နှင့် ချိတ်ဆက် ဆောင်ရွက်မှုအားနည်းခြင်း။ | • နည်းပညာများတင် ပြတောင်းခံနိုင်ခြင်း | ○ **ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်** |
| ၃ | **တံတား** | | | | | |
| | • ကျေးရွာတွင်း | • သစ်သားတံတားဖြစ် | • လွှတ်တော် | • ဌာနဆိုင်ရာများ | • လွှတ်တော်ကိုယ်စား | –ကျေးရွာတွင်း သစ်သား |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | တံတားမကောင်းခြင်း | ခြင်း | ကိုယ်စားလှယ်များအား တင်ပြတောင်းခံနိုင်ခြင်း | နှင့် ချိတ်ဆက်ဆောင်ရွက်မှုအားနည်းခြင်း | လှယ်များသို့ တင်ပြချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း | တံတားကို ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန် |
| ၄ | **ဆေးပေးခန်း** | | | | | |
| | • ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိခြင်း | • ကျေးရွာတွင်း ဖျားနာသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များဆေးကုသရန် ခက်ခဲမှုရှိခြင်း | ကျေးလက်ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ရန်မြေနေရာရှိခြင်း။ လုပ်သားအင်အားရှိခြင်း။ | • ရန်ပုံငွေမရှိခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးခင်းစကလေးငယ်များအား ကျန်းမာရေးဆေးကုသရန် စိန်ခေါ်မှုရှိခြင်း | • မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း | – ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်းများရရှိခြင်း |
| | **မူးယစ်အန္တရာယ်** | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | • မူးယစ်ဆေးဝါး အန္တရာယ်ရှိ ခြင်း | • မူးယစ်ဆေးဝါး ကြောင့် လူငယ်များ အကျင့်စာရိတ္တ ပျက်ပြားခြင်း | • မူးယစ်ဆေးဝါး ကင်းစင်ရေးဆောင် ရွက်လိုသည့် လူငယ်လူရွယ်များ ရှိခြင်း | • ဖမ်းဆီးအရေးယူ မှုမထိရောက်ခြင်း<br>• မူးယစ်ဆေးဝါး ရောင်းဝယ်မှု များလာခြင်း | • မူးယစ်ဆေးဝါး အန္တရာယ် ဟောပြောပွဲများ ဆွေးနွေးပွဲများ၊ ပြပွဲ များ စီစဉ်ဆောင် ရွက်နိုင်ခြင်း | မူးယစ်ဆေးဝါးဖြတ်သူများ အတွက်ပြန်လည်ထူထောင် ရေး အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးရန် |
| ၆ | **စာကြည့်တိုက်** | | | | | |
| | • ကျေးရွာစာကြည့် တိုက် ဝန်ထမ်းမရှိ ခြင်း | • ကျေးရွာလူထုသည် စာပေ၊ဗဟုသုတ လေ့လာရန် နေရာမရှိခြင်း<br>• လက်ရှိဖြစ်ပေါ်နေ သော သတင်းအချက် အလက်များကို မသိရှိ ရခြင်း<br>• စာအုပ်ဆိုင်များတွင် စာအုပ်စာပေများကို | • ကျေးရွာလူထုမှ စာကြည့်တိုက် ရေရှည်ထိန်းသိမ်း ထားရှိလိုစိတ် ထက်သန်ခြင်း | • ရန်ပုံငွေမရှိခြင်း<br>• ဌာနဆိုင်ရာများနှ င့် ချိတ်ဆက်မှု အားနည်းခြင်း၊<br>• ဦးစီးဦးဆောင်မ ည့်သူမရှိခြင်း | • ပြန်/ဆက်ဦးစီးဌာနနှ င့် ချိတ်ဆက်ဆောင် ရွက်ခြင်း၊ စာအုပ်၊စာပေ၊ စာစောင်၊သတင်းစာ၊ မဂ္ဂဇင်းများကို စာကြည့်တိုက်တွင် ထားရန် အလှူရှင် များရှာဖွေခြင်း၊<br>• ကျေးရွာစာကြည့် | ကျေးရွာတွင် စာကြည့်တိုက် ဝန်ထမ်းရရှိခြင်းဖြင့် ကျေးရွာ လူထုသည် စာဖတ်၊စာကြည့် မှု တိုးတက်လာပြီး လက်ရှိ ဖြစ်ပေါ်နေသော သတင်း အချက်အလက်နှင့် အသိအမြင် ဗဟုသုတများ ရရှိမည်ဖြစ်ပါသည်။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | ဈေးကြီးပေးဝယ်ရခြင်း<br>• စာကြည့်တိုက်ဝန်ထမ်းမရှိ၍ အမြဲတမ်းဖွင့်လှစ်ရန်ခက်ခဲခြင်း | | | တိုက်တွင် ဝန်ထမ်းရရှိနိုင်ရန် တင်ပြတောင်းခံခြင်း | |
| | | | | | | |
| ၇ | **ပညာရေးအဆောက်အဦး** | | | | | |
| | • ကျောင်းဝန်းအုတ်တံတိုင်းမရှိခြင်း | • ကျောင်းဝန်းကာထားမှုမရှိ၍ ပြင်ပမှ အန္တရာယ်များ ဝင်လာနိုင်ခြင်း။<br>• ဝါးထရံများဖြင့် ကာထားခြင်း။<br>• ကျောင်းဝန်းအတွင်းသို့ ကျွဲ၊နွား၊ကြက်၊ ဝက်၊ဘဲများလာခြင်းဖြင့် ကျောင်း၏ပန်းပင်များ ပျက်စီးခြင်း | • သဲ၊ကျောက်တိုက်ရန် ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်များရှိခြင်း။<br>• လုပ်သားအင်အားရှိခြင်း။<br>• ကျောင်းသားမိဘများမှ တစ်နိုင်တစ်ပိုင် ရန်ပုံငွေထည့်ဝင်နိုင်ခြင်း။ | • ရန်ပုံငွေမရှိခြင်း၊<br>• နည်းပညာမရှိခြင်း | • ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကျောင်းမိဘ၊ ဆရာအသင်းမှ ရန်ပုံငွေရရန် အလှူရှင်များ ရှာဖွေခြင်း | • စာသင်ကျောင်းဝန်းအား အုတ်တံတိုင်းကာရံပေးခြင်းဖြင့် ကျောင်းသူ/သားများ ဘေးကင်းလုံခြုံစွာ ပညာသင် ကြားရမည်ဖြစ်ပါသည်။ |
| ၈ | • ကျောင်းစာရေးကိရိယာ | | | | | |
| | • ကျောင်းသူ/သား | • ကျောင်းသား/သူ | • လွှတ်တော်ကိုယ် | • ဌာနဆိုင်ရာများ | • လွှတ်တော်ကိုယ်စား | • စာသင်ခုံ၊ဆရာ/မ၊စားပွဲ၊ဘီရို၊ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | စာသင်ခုံစာပွဲနှင့် ဆရာ/မ စာပွဲ၊ဘီရိုများလိုအပ်ခြင်း။ | ဦးရေများလာခြင်း။ | စား များအား တင်ပြ ဆောင်ရွက်နိုင်ခြင်း ။ | နှင့်ချိတ်ဆက်မှု အားနည်းခြင်း။ | လှယ်ရှုံးသို့ တင်ပြ ချိတ်ဆက်ဆောင် ရွက်နိုင်ခြင်း။ | ကျောင်းပရိဘောဂများ လုံလောက်စွာရရှိရေး။ |

## ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၅၊မေ။

၂။ ၂၀၁၆ ခု စက်တင်ဘာလက ကျေးရွာတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊